# တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်
# (Nationwide Ceasefire Agreement – NCA)
# နှင့်ပတ်သက်၍ ပူးတွဲသဘောထားထုတ်ပြန်ချက်

ABSDF CNF KNU

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်

**တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) ကို လက်မှတ်ရေးထိုးထားခဲ့သော** မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF - All Burma Student Democratic Front)၊ ချင်းအမျိုးသားတပ်ဦး (CNF - Chin National Front) နှင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU - Karen National Union) တို့သည် အာဏာသိမ်းစစ်တပ်၏ NCA အခြေပြု အတုအယောင်ဆွေးနွေးပွဲများနှင့် NCA (၈)နှစ်မြောက် အထိမ်းအမှတ်ကျင်းပခြင်းနှင့် ပတ်သက်ပြီး မိမိတို့၏ ဘုံသဘောထားများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

၁။ NCA သည် အစိုးရအဆက်ဆက်က မဖြေရှင်းနိုင်ခဲ့သော နှစ် (၇၀) ကျော်ကြာ နက်နဲသည့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းရန်ရည်ရွယ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို မျှော်ရည်ကာ လွှတ်တော် ပြင်ပ နိုင်ငံရေးဆွေးနွေးပွဲများ၏ ရလဒ်ဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်သွားရန် ရည်ရွယ်ပါသည်။

၂။ စစ်အာဏာသိမ်းယူခြင်းသည် NCA အခြေခံမူနှင့် ရည်ရွယ်ချက်များကို ဖျက်ဆီးခြင်းဖြစ်သလို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပျက်ပြယ်စေသည့်အတွက် NCA ကို အခြေခံသည့် လုပ်ငန်းစဉ်နှင့် ဆွေးနွေးပွဲလမ်းကြောင်းများ ရပ်တန့်သွားခဲ့ပြီး ဖြစ်ပါသည်။

၃။ စစ်တပ်မှ လေကြောင်း၊ ရေကြောင်း၊ ကြည်းကြောင်းအင်အားအသုံးပြုပြီး ထပ်ခါတလဲလဲ ပြုလုပ်သည့် ပြည်သူကိုပစ်မှတ်ထား တိုက်ခိုက်မှုများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာ ထောက်ထားသည့် ဥပဒေများကို ပြောင်ပြောင်တင်းတင်းကျူးလွန်ခြင်းဖြစ်သည့်အတွက် NCA ပျက်ပြယ်မှုကို ပိုမို ခိုင်မာစေပြီး စစ်တပ်က ငြိမ်းချမ်းစွာ ညှိနှိုင်း အဖြေရှာခြင်း နည်းလမ်းကို စွန့်လွှတ်ကြောင်း ပေါ်လွင်စေပါသည်။

၄။ NCA ကို အခြေပြုပြီး ဖိအားပေး ပြုလုပ်နေသည့် NCA ဟန်ပြ အကောင်အထည်ဖော်မှု ဆွေးနွေးပွဲများ၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရှိနေသယောင်ဖြင့် ပြုလုပ်နေသည့် ဖွဲ့စည်းပုံပြင်ဆင်ရေး ဟန်ပြ လုပ်ရပ်များ နှင့် စစ်ကောင်စီက ကျင်းပရန် ပြင်ဆင်နေသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေပြု အတုအယောင် ရွေးကောက်ပွဲတို့သည် နိုင်ငံ၏ အကြပ်အတည်းကို ပိုမိုနက်ရှိုင်းစေပြီး ပဋိပက္ခကို ရှည်လျားအောင် ပြုလုပ်နေခြင်းသာ ဖြစ်သည်။

၅။ NCA လက်မှတ်ရေးထိုးခဲ့သည့် တော်လှန်ရေးအဖွဲ့အစည်းများဖြစ်ကြသော ABSDF, CNF နှင့် KNU တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ရေးဆိုင်ရာ ဘုံ နိုင်ငံရေးရည်မှန်းချက်နှင့် ဘုံ ရပ်တည်ချက်များကို အောက်ပါ အတိုင်းချမှတ်ထားပါသည်။

**ဘုံနိုင်ငံရေးရည်မှန်းချက်**

၅.၁။ စစ်အာဏာသိမ်းမှုကို ဖယ်ရှားပြီး နိုင်ငံရေး၌ စစ်တပ်ပါဝင်နေခြင်းအား အဆုံးသတ်ရန်၊

၅.၂။ စစ်တပ်အား ပြန်လည်ပြင်ဆင်ဖွဲ့စည်း၍ ရွေးကောက်ခံ အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှု အောက်၌ အပြည့်အဝ ထားရှိရန်၊

၅.၃။ သက်ဆိုင်သူများအားလုံး လက်ခံနိုင်သော ဖက်ဒရယ်နှင့်ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖွဲ့ စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းရန်၊

၅.၄။ ပဋိပက္ခအတွင်း မတရားကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးနှင့် အသွင်ကူး ပြောင်းရေးကာလ တရားမျှတမှုရရှိရေး လုပ်ငန်းစဉ်ဖော်ဆောင်ရန်။

၅.၅။ လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုအဆင့်တိုင်းတွင် နိုင်ငံတကာ၏ ကြားဝင်ညှိနှိုင်းမှု၊ နည်း ပညာပံ့ပိုးကူညီမှု၊ လေ့လာစောင့်ကြည့်မှုနှင့် ဘဏ္ဍာရေးကူညီထောက်ပံ့မှု စသည်တို့ ပါဝင်ရေး သဘောတူညီထားရန်၊

**ဘုံ နိုင်ငံရေးရပ်တည်ချက်များ**

၅.၆။ စစ်ကောင်စီသည် ဖော်ပြပါ ဘုံနိုင်ငံရေးရည်မှန်းချက်များကို လက်ခံပြီး ပြည်သူများအပေါ် ပြုလုပ်သည့် အကြမ်းဖက်မှုများ အဆုံးသတ်ခြင်းမရှိဘဲ (သို့မဟုတ်) အဆုံးမသတ်ဘဲ မည်သည့် ဆွေးနွေးပွဲမှ ပြုလုပ်ရန်မရှိပါ။

၅.၇။ ပါဝင်ပတ်သက်သူ (The Myanmar’s Stakeholdersrs) များသည် စနစ် အပြောင်းအလဲ (System Change)ကို လိုလားသည်သာမက၊ စစ်အာဏာရှင်စနစ်မှ နောက်ပုံစံတစ်ခုသို့ ပြောင်းလဲခြင်း (သို့မဟုတ်) အာဏာရှင်အရပ်သားအစိုးရပုံစံဖြင့် ပြောင်းလဲခြင်းကိုပင် လက်ခံ နိုင်ဖွယ် မရှိပါ။

၅.၈။ နိုင်ငံရေးအခွင့်ထူးခံများ အချင်းချင်းအကြား ပြုလုပ်သည့်အာဏာခွဲဝေမှုကို လက်မခံပါ။

၅.၉။ မြန်မာ့နိုင်ငံအကျပ်အတည်း ဖြေရှင်းမှုတွင် အမျိုးသားစည်းလုံးညီညွတ်မှုပုံစံကို အခြေခံ၍ အနာ ဂတ်မြန်မာနိုင်ငံ၏ အစိုးရများကို ဖန်တီးပေးမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ရွေးကောက်ပွဲ စနစ်တစ်ရပ် လိုအပ်မည်ဖြစ်ပါသည်။

၅.၁၀။ စစ်ကောင်စီ သည် အဓိက ပဋိပက္ခမိတ်ဖက် (Conflict Partners) ဖြစ်သည်။ အသွင် ကူးပြောင်း ရေးအာဏာပိုင် (Interim authority) မဟုတ်ပါ။ အသွင်ကူးပြောင်းရေးကာလတွင် သက်ဆိုင် သူ အားလုံး သဘောတူညီထားသည့် စစ်မှန်သော အသွင်ကူးပြောင်းရေးဆိုင်ရာ အာဏာပိုင် ( Transitional Authority ) တစ်ရပ် လိုအပ်ပါသည်။

၅.၁၁။ အထက်ပါအဆင့်များအားလုံး အကောင်အထည်ဖော်ပြီးမှသာ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအသစ်ကို ကျင်းပနိုင်မည်ဖြစ်သည်။

၆။ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုတရပ်လုံးနှင့် နိုင်ငံတကာ အစိုးရများအနေဖြင့် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေသည့် စစ်တပ်၏ လုပ်ဆောင်မှုများတွင် ပါဝင်ခြင်း မပြုပဲ မိမိတို့၏ ဘုံ နိုင်ငံရေးရည်မှန်းချက်နှင့် ရပ်တည်ချက်များ ဖော်ဆောင်ရေးလုပ်ငန်းစဉ်တွင် ပံ့ပိုးကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။


ဆက်သွယ်ရန် - (၁) ရဲဘော်ဆန်နီ (ABSDF) (+၆၆ ၈ ၄၈၀၈ ၇၇၂၅)

(၂) ဆလိုင်း ထက်နီ (CNF) (+၉၁ ၉၂၃၃၀ ၁၂၈၉၀)

(၃) ပဒိုစောကလယ်စေး (KNU) (+၆၆ ၆၄၉၀၃၀၃၄၀)